# ကျမ်းစာကို ရှာဖွေခြင်း

YR C
NO. 9

အလွတ်ကျမ်းချက်။ ။ တမန်တော်ဝတ္ထု ၁၇း၁၁

“ဗေရိမြို့သားတို့သည် သက်သာလောနိတ်မြို့သားတို့ထက် ထူးမြတ်သဖြင့်၊ အလွန်ကြည်ညိုသော စေတနာစိတ်နှင့် နှုတ်ကပတ်တရားတော်ကိုခံယူ၍ မှန်သည်မမှန်သည်ကိုသိခြင်းငှါ၊ ကျမ်းစာကိုနေ့တိုင်း အစဉ်စေ့စေ့ကြည့်ရှုကြ၏။”



## တနင်္ဂနွေနေ့ ၊ ပွဲနေ့သဘင်ဓလေ့ထုံးတမ်းနှင့်ဆိုင်သောပညတ်များကို စောင့်ထိန်းရမည်လား (တမန်တော်ဝတ္ထု ၁၄း၂၇-၁၅း၂) ၁

ပေါလုနှင့် ဗာနဗတို့သည် သူတို့၏ပထမသာသနာပြုခရီးစဉ် ပြီးဆုံး၍ အန္တိအုတ်မြို့သို့ ပြန်သွားသည့်နှင့်အမျှ၊ သူတို့သည် ထိုနေရာများ၌ သူတို့ကြုံတွေ့ဖြစ်ပျက်ခဲ့သည့်အကြောင်းအရာနှင့် တပါးအမျိုးသားများကြား သူတို့၏အလုပ်ကို ဘုရားသခင်သည် အဘယ်မျှလောက်ကောင်းကြီးပေးခဲ့ကြောင်းကို အသင်းတော်သို့ တင်ပြခဲ့ရ၏။ အများအားဖြင့် သူတို့နှင့်အတူ ဘုရားသခင် ပါဝင်ကြောင်း ကြားသိသောအခါ ဝမ်းမြောက်ခဲ့ကြ၏။ သို့သော် ယုဒလူမျိုးခရစ်ယာန်များသည် စိတ်ပူပန်ခဲ့ကြ၏။

ပေါလုသည် တပါးအမျိုးသားခရစ်ယာန်များကို ယုဒလူမျိုးများ ဖြစ်လာရန် မတောင်းဆိုခဲ့ပေ။ ထိုနည်းတူ ဓလေ့ထုံးတမ်းနှင့် ဆိုင်သော ပညတ်များကို စောင့်ထိန်းဖို့ရန် မသွန်သင်ခဲ့ပေ။ ယုဒခရစ်ယာန်များသည် မကြာမီ အသင်းတော်ထဲ၌ မိမိတို့ယုဒလူမျိုးများထက် တပါးအမျိုးသားများ ပို၍များလာမည်ကို မြင်တွေ့နိုင်ခဲ့သည်။ ဤအရာသည် သူတို့ယုဒလူမျိုးများ၏ထုံးထမ်းဓလေ့ကို ပျောက်ဆုံးစေပြီး ခရစ်ယာန်အသင်းအား ထိခိုက်လာမည်ကို သူတို့ကြောက်ရွံ့ခဲ့၏။ သတိရပါ၊ ယုဒလူမျိုးတစ်ယောက်မဟုတ်သော အဘယ်သူ့ကိုမဆို တပါးအမျိုးသားဟု ခေါ်သည်။

ဤအချိန်၌၊ ယုဒပြည်မှအချို့သော ဂျူးခရစ်ယာန် (ယုဒလူမျိုး သို့မဟုတ် ဂျူးလူမျိုး) ခရစ်ယာန်များသည် အန္တိအုတ်မြို့သို့ ရောက်လာကြပြီး၊ အငြင်းပွားဖွယ်ရာ ဩဝါဒတရားကို သင်ကြားရန် အစပြုခဲ့ကြ၏။ ထိုအရာများထဲမှ တစ်ခုမှာ လူပုဂ္ဂိုလ်တစ်ယောက်သည် ကယ်တင်ခြင်းရဖို့ရန်အတွက် သူတို့ဂျူးလူမျိုးများနှင့်ဆိုင်သည့် ပွဲနေ့သဘင်ထုံးထမ်းနှင့်ဆိုင်သော ပညတ်အားလုံးကို စောင့်ထိန်းရမည် ဖြစ်သည်ဟုသွန်သင်ခဲ့ကြ၏။ ဘုရားသခင်သည် ဣသရေလလူမျိုးများအား အဘယ်သို့ ဝတ်ပြုရမည်ကို အတိအလင်း သွန်သင်ပေးခဲ့ကြောင်း၊ ထိုအရာနှင့်ပက်သက်ပြီး သူ၏တောင်းဆိုချက်များကို သူက မပြောင်းလဲခဲ့ကြောင်းတို့ကို သူတို့သည် အငြင်းအခုန်ပြုကြလေ၏။ တဲတော်တစ်ခုလုံး ယေရှုကို ပုံဆောင်ကြောင်းနှင့် သူ့ကို ညွှန်ပြနေသည်ကို သူတို့က နားမလည်ခဲ့ပေ။ ထိုအချိန်၊ သူသည် ကြွလာခဲ့ပြီး၊ ပွဲနေ့သဘင်၊ ယဇ်ပူဇော်ခြင်းနှင့်ဆိုင်သောလုပ်ထုံးလုပ်စဉ်များသည် မလိုအပ်တော့ပေ။ တမန်တော်ဝတ္ထု ၁၅း၁။

ပေါလုနှင့်ဗာနဗတို့သည် ယုဒပြည်မှ ထိုသူတို့၏သွန်သင်ခြင်းသည် မှားနေကြောင်း သိခဲ့၏။ ထိုအချိန်၌ သူတို့နှစ်ဦးသည် ၎င်းသွန်သင်ချက်ကို ဆန့်ကျင်ခဲ့၏။ သို့သော် တပါးအမျိုးသားခရစ်ယာန်များသည် ပေါလုနှင့် ဗာနဗတို့နှင့် သဘောတူကြသောအခါ၊ ဂျူးခရစ်ယာန်များသည် ယုဒပြည်မှလာသောသူများနှင့် သဘောတူရန် ယိမ်းယိုင်ခဲ့ကြ၏။

ထိုအုပ်စုနှစ်စုအကြား ငြင်းခုန်မှုသည် တဖြည်းဖြည်းပြင်းထန်လာခဲ့ပြီး၊ အန္တိအုတ်မြို့ရှိ အသင်းတော်သည် အုပ်စုနှစ်စု ကွဲသွားပုံဖြစ်သွားသည်။ ထိုသို့ဆွေးနွေးငြင်းခုံခြင်းများသောအခါ၊ ပေါလုနှင့် ဗာနဗတို့သည် ထိုပြဿနာအကြောင်းကြောင့် ယေရုရှလင်မြို့၌ရှိသော တမန်တော်တို့နှင့် အသင်းတော်ခေါင်းဆောင်တို့၏ အထွေထွေကောင်စီအစည်းအဝေး၌ သွားရောက်စီရင်ခဲ့ကြ၏။ အငယ် ၂။ ကောင်စီဆုံးဖြတ်ပေးသောအရာသည် အဘယ်သို့ပင်ဖြစ်စေ နောက်ဆုံး ဆုံးဖြတ်ချက်အဖြစ် လက်ခံရမည် ဖြစ်သည်။ ယေရုရှလင်မှ ဆုံးဖြတ်ချက်ကိုစောင့်နေသော အချိန်အတောအတွင်း အဘယ်သူမျှ ထပ်၍ ငြင်းခုန်ခြင်းမပြုရပေ။

**လက်တွေ့ကျင့်သုံးရန် -** သင့်မှာ တစ်စုံတစ်ယောက်နှင့် သဘောမတူညီသောအရာတစ်ခုရှိသောအခါ၊ သင့်ထက်ဩဇာရှိသောသူတို့ထံ သွားဖြေရှင်းဖို့ရန် စိတ်ဆန္ဒရှိနေပါသလား။ သုတ္တံကျမ်း ၁၂း၁၅ ကို ဖတ်ပါ။

## တနင်္လာနေ့ ၊ ယုဒလူမျိုးများနှင့် တပါးအမျိုးသားများ (တမန်တော်ဝတ္ထု ၁၅း၃-၃၅၊ ဂလာတိဩဝါဒစာ ၂း၁၁-၁၄) ၂

အန္တိအုတ်မြို့၌ရှိသော အသင်းတော်သည် ပွဲနေ့သဘင်ဓလေ့နှင့်ဆိုင်သောပညတ်သည် စောင့်ထိန်းရန် လိုအပ် သို့မဟုတ် မလိုအပ် မေးခွန်းအပေါ် ကွဲပြားနေခဲ့ကြလေ၏။ သူတို့ကိုယ်ပိုင် ဖြေရှင်းချက်မရနိုင်တော့ပေ၊ ထို့ကြောင့် သူတို့သည် ပေါလု၊ ဗာနဗတို့နှင့် အချို့သောသူများအား ယေရုရှလင်မြို့၌ အထွေထွေအစည်းအဝေးသို့ စေလွှတ်ခဲ့သည်။

ယေရုရှလင်အစည်းအဝေးတွင်၊ ပြင်းထန်သောဆွေးနွေးမှုတစ်ခုဖြစ်ခဲ့၏။ ထိုပွဲနေ့သဘင်နှင့်ဆိုင်သောပညတ်ကို စောင့်ထိန်းခြင်း သို့မဟုတ် မစောင့်ထိန်းခြင်းအကြောင်းနှင့်ပတ်သတ်၍ ဖြေရှင်းဆုံးဖြတ်ချက်တစ်ခုမှ မရခဲ့ပေ။ ယုဒ ခေါ် ဂျူးလူမျိုးများ နှင့် တပါးအမျိုးသားများအကြား ယဉ်ကျေးမှုမတူကွဲပြားသောကြောင့်၊ ၎င်းအကြောင်းနှင့်ပတ်သက်၍ သူတို့အကြားတွင် စိုးရိပ်ပူပန်မှုများက ဤပြဿနာကို ပိုမို ဆိုးရွားစေခဲ့၏။ ၎င်းသည် ရှုပ်ထွေးသော ပြဿနာတစ်ခုဖြစ်ခဲ့သည်။

သို့သော် သန့်ရှင်းသောဝိညာဉ်တော်သည် ထိုမေးခွန်းအား မှန်ကန်သော အဖြေရဖို့အတွက် ပါဝင်လုပ်ဆောင်ခဲ့ပြီးသားဖြစ်၏၊ သူသည် ပေတရုအား ထပြီးစကားပြောရန် လှုံ့ဆော်တို့ထိခဲ့လေ၏။ ထိုအခါ ပေတရုသည် ကော်နေလိနှင့် ဧဝံဂေလိသတင်းကို ဝေငှဟောပြောခဲ့သည့် သူ၏အတွေ့အကြုံကို ထပ်မံပြောကြားခဲ့ပြီး၊ ပွဲနေ့သဘင်နှင့်ဆိုင်သောပညတ်ကို

ထိုအကြောင်းအရာများကိုကြားသော အများသောသူတို့သည် ယေရှုခရစ်တော်၌ ယုံကြည်သောသူများဖြစ်လာကြ၏။ သို့သော် ထုံးစံအတိုင်း၊ အချို့သော ယုဒလူမျိုးများသည် ယုံကြည်ရန် ငြင်းဆိုခဲ့ကြပြီး၊ ပေါလုနှင့် သိလတို့၏လုပ်ဆောင်မှုကို ဆန့်ကျင်ခြင်းအစပြုလာခဲ့ကြ၏။ သူတို့ ဘာလုပ်ဆောင်ခဲ့သနည်း။ တမန်တော်ဝတ္ထု ၁၇း၅-၈။

တဖန်၊ ယေရှုခရစ်တော်၏သွန်သင်ခြင်းနောက်လိုက်သောသူများသည် ညှဉ်းပမ်းနှိပ်စက်ခြင်းရောက်လာသောအခါ သူတို့ ရှိသောနေရာမှ ထွက်ပြေးခဲ့ရသည် (ရှင်မဿဲခရစ်ဝင် ၁၀:၂၃)၊ သူတို့သည် ညအချိန်၌ ထွက်ခွာခဲ့ကြပြီး၊ ဗေရိမြို့သို့ သွားခဲ့ကြ၏။ ထိုမြို့သည် သက်သာလောနိတ်မြို့၏ အနောက်တောင်ဘက် မိုင် ၅၀ ခန့်အကွာတွင်ရှိသည်။ သမ္မာကျမ်းစာသည် ဗေရိမြို့သူမြို့သားများအကြောင်းနှင့်ပတ်သက်၍ များများ မဖော်ပြထားပေ။ သို့သော် သမ္မာကျမ်းစာသည် သူတို့အကြောင်းနှင့်ပတ်သတ်၍ အရေးကြီးသော အကြောင်းအရာတစ်ခုကို ကျွန်ုပ်တို့အား ပြောပြထားသည်။ အငယ် ၁၁။

ဝမ်းနည်းစရာမှာ၊ သက်သာလောနိတ်မြို့မှ ယုဒလူမျိုးများသည် မကြာမီမှာပင် ဗေရိမြို့အထိ ပေါလုနောက်လိုက်လာခဲ့ကြပြီး၊ နောက်တခုသော အဓိကရုဏ်းဖြစ်အောင် စတင်လုပ်ဆောင်ခဲ့ပြန်၏။ ပေါလု၏လုံခြုံမှုအတွက် ကြောက်လန့်စရာဖြစ်ခဲ့၏။ ဗေရိမြို့မှအချို့သောခရစ်ယာန်များသည် ပေါလုအား မိုင် ၂၀၀ ခန့်ဝေးသော အရှေ့တောင်ဘက်၌ရှိသော အာသင်မြို့သို့ ခေါ်သွားခဲ့ကြ၏။ သို့သော် သိလနှင့် တိမောသေတို့သည် အသစ်သောအသင်းတော်ကို ကူညီဖို့ရန် ဗေရိမြို့ ၌ ကျန်ရစ်ခဲ့သေး၏။

**လက်တွေ့ကျင့်သုံးရန် -** သင်သည် ဘုရားသခင်၏စကားတော်ကို စိတ်အားထက်သန်စွာ ခံယူသလား။ သမ္မာကျမ်းစာကို နေ့စဉ်ရှာဖွေဖတ်ရှုလေ့လာပါသလား။ အငယ် ၁၁၊ ဆာလံကျမ်း ၁၁၉း၉-၁၁။

## သောကြာနေ့ ၊ သခင်ယေရှုကို မလိုအပ်သည့် အလွန်ပညာရှိသောသူများ (တမန်တော်ဝတ္ထု ၁၇း၁၅-၃၄) ၆

ဗေရိမြို့မှခရစ်ယာန်များ အချို့သည် ပေါလုကို ဗေရိမြို့မှ သင်္ဘောဖြင့် အာသင်မြို့သို့ မြန်မြန်ခေါ်ဆောင်သွားခဲ့လေ၏။ ထို့နောက် သူတို့သည် သိလနှင့် တိမောသေတို့အား အာသင်မြို့သို့ အလျင်အမြန်လာစေရန် ပေါလုထံမှ သတင်းတစ်ခုနှင့်အတူ ဗေရိမြို့သို့ ပြန်လာခဲ့ကြ၏။



အာသင်မြို့သည် ယဉ်ကျေးမှုနှင့် ပညာရေးဆိုင်ရာ၊ လက်မှုနှင့်အနုပညာဆိုင်ရာ အချုပ်အချာကျသောမြို့ဖြစ်ပြီး၊ ရုပ်ထုကိုးကွယ်သူ အများအပြားရှိသောနေရာဖြစ်၏။ တင့်တယ်လှပသော ဗိမာန်တော်များနှင့် အထွဋ်အမြတ်ထားသောနေရာများသည် နေရာတိုင်းတွင် ရှိနေ၏။ ပေါလုသည် သိလနှင့် တိမောသေတို့အား စောင့်မျှော်နေစဉ် လူများတို့အား ယေရှုခရစ်တော်အကြောင်း ဟောပြောခဲ့ပြီး၊ ထိုသူများတို့၏အယူအဆများအား မှန်ကန်သော ကောင်းကင်ဘုံရှင်ဘုရားသခင်ကို ကိုးကွယ်စေရန် ကြိုးစားခဲ့သည်။ တမန်တော်ဝတ္ထု ၁၇း၁၆၊ ၁၇။



ပထမတွင်၊ အာသင်မြို့၌ရှိသော လူများသည် ပေါလုအား ဟာသပြုလုပ်ခဲ့ကြသည်။ အချို့သူများက သူ့အား ဗလုံးဗထွေးပြောသူဟု ခေါ်ဆိုကြ၏။ အဘယ်ကြောင့်ဆိုသော် သူတို့သည် သူပြောနေသည့်အကြောင်းအရာကို သူမသိဟူ၍ ထင်ခဲ့သောကြောင့်ဖြစ်သည်။ သို့သော် ၎င်းသည် သူတို့၏အတွေးအခေါ်အယူအဆကို ပြောင်းလဲရန် အချိန်မကြာခဲ့ပေ။ ပေါလုသည် သူတို့၏ အတွေးအခေါ် အယူအဆကို ရှင်းလင်းစွာ နားလည်ခဲ့၏။ သူတို့သည် ပေါလုအား ငြင်းခုန်ဖို့ရန် ကြိုးစားနေသောအခါ သူသည် သူတို့ထက် ပို၍ပညာရှိကြောင်းကို သူတို့သည် တွေ့ရှိခဲ့ကြလေ၏။



ထို့နောက်၊ သူတို့သည် ထိုအချိန်မတိုင်ခင် နှစ်ပေါင်း ၄၅၀ ခန့်တွင် အာသင်မြို့၌ အလွန်နာမည်ကျော်ကြားသော အတွေးအခေါ်ပညာရှင် ဆိုကရေတီး နေထိုင်အသက်ရှင်ခဲ့ပြီး၊ သူသည် အသစ်သောဘုရားများကို မိတ်ဆက်ပေးရန် ကြိုးပမ်းခဲ့သောကြောင့် သေဒဏ်အပြစ်ခံရကြောင်းကို ပေါလုအား သတိပေးခဲ့၏။ သို့သော် ပေါလုသည် မကြောက်ရွံ့ခဲ့ပေ။ ပေါလုသည် မိမိဘုရားသခင်အကြောင်း ပြောရန် တောင်းဆိုနေသည်ကို သူတို့သည်တွေ့သောအခါ၊ သူ၏ဟောပြောခြင်းကို မျှတစွာ ကြားနာရန် ဆုံးဖြတ်ခဲ့ကြသည်။

ပေါလုသည် အာသင်မြို့၌ရှိသောမာစ်တောင် (အာရေတောင်)၏အရေးကြီးဆုံးသောနေရာတစ်နေရာ၌ စကားပြောဖို့ရန် ဖိတ်ကြားခြင်းခံခဲ့ရ၏။ ထိုနေရာသည် ဘာသာရေးနှင့်သက်ဆိုင်သည့် အရေးကြီးသောကိစ္စများကို စဉ်းစားကြရန် အာသင်မြို့သူမြို့သားများ ရောက်ရှိနေရသည့် အထင်ရှားဆုံးသော နေရာဖြစ်သည်။ ပေါလုသည် စကားပြောရန် အစပြုသောအခါ၊ သူသည် လူအားလုံး၏ အာရုံစိုက်ခြင်းကို ရရှိခဲ့၏။ သူသည် ဘာပြောဆိုခဲ့သနည်း။ အငယ် ၂၂-၂၅။

ရှင်ပေါလုသည် ရှင်ပြန်ထမြောက်ခြင်းအကြောင်း ဟောပြောသည့်တိုင်အောင် အားလုံးသည် စေ့စေ့ နားထောင်ခဲ့ကြ၏။ အချို့မှာ ၎င်းသည် အရူးစိတ်ကူးဟု ပြောဆိုခဲ့ကြပြီး၊ အစည်းအဝေးသည် ရုတ်တရက်ပြီးဆုံးသွားခဲ့လေ၏။ အာသင်မြို့၌ ရှင်ပေါလု၏သာသနာသည် ပြီးဆုံးသွားခဲ့၏။ သို့သော် ပေါလု၏အချိန်သည် ဖြုန်းတီးခံခဲ့ရသလား။ မဟုတ်ပါ။ အာသင်မြို့၌ လူသိများသောအမျိုးသား တစ်ဦးနှင့် အခြားသောသူအချို့တို့သည် သစ္စာရှိယုံကြည်သူများ ဖြစ်လာခဲ့ကြသည်။

**လက်တွေ့ကျင့်သုံးရန် -** အာသင်မြို့မှ လူများတို့ သည် ဧဝံဂေလိသတင်းစကားကို လက်မခံခဲ့ကြပေ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ကောင်းသောသူများဖြစ်သည်၊ လုံလောက်ပြီဟု ထင်ခဲ့ကြသောကြောင့်ဖြစ်သည်။ သူတို့သည် သခင်ယေရှုကို သူတို့လိုအပ်ကြောင်း သူတို့မသိသောကြောင့်ဖြစ်သည်။ သင်သည် ယေရှုခရစ်တော်ကို လိုအပ်ကြောင်း သိနေပါသလား။ သူသာလျှင် အကူအညီ လိုအပ်နေသောသူများအတွက် ကူညီပေးနိုင်မည်ဖြစ်သည်။ ဟေရှာယအနာဂတ္တိကျမ်း ၅၇း၁၅၊ ၆၆း၁၊ ၂။

လိုက်နာသော ဂျူးလူမျိုးများနှင့် မလိုက်နာသော တပါးအမျိုးသားများအပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်ရောက်ရှိသောအခါ၊ သူသည် မည်မျှအံ့အားသင့်သွားသည်ကို ပြောပြခဲ့လေ၏။ ထို့ကြောင့် သန့်ရှင်းသောဝိညာဉ်တော်သည် ထိုပွဲနေ့သဘင်နှင့်ဆိုင်သောပညတ်ကို စောင့်ထိန်းဖို့ရန် မလိုအပ်ကြောင်း ပြသခဲ့သည်ဟု ပေတရုသည် အကြောင်းစုံဖော်ပြခဲ့၏။ တမန်တော်ဝတ္ထု ၁၅း၇-၁၁။

ပေတရုဝေ‌ငှပြီးသောနောက် ပေါလုနှင့် ဗာနဗတို့သည်လည်း သူတို့၏ပထမသာသနာခရီးစဉ်အတောအတွင်း တပါးအမျိုးသားများအပေါ် သူတို့အားဖြင့် ဘုရားသခင် မည်သည့်အရာများ လုပ်ဆောင်ခဲ့ကြောင်းကို ဝေငှခဲ့ကြ၏။ နောက်ဆုံး၌၊ ယာကုပ်သည်ထပြီး ကောင်စီ၏ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့လေ၏။ ထိုဆုံးဖြတ်ချက်မှာ အဘယ်နည်း။ အငယ် ၁၉။



ထိုအချိန်၌ ဤဆုံးဖြတ်ချက်ကို အသင်းတော်များသို့ ဆက်သွယ်အကြောင်းကြားခြင်းတာဝန်တစ်ခုအဖြစ် ကျန်ခဲ့နေသေး၏။ ထိုအရာအတွက် သူတို့သည် အဘယ်သို့လုပ်ဆောင်ခဲ့သနည်း။ အငယ် ၂၃-၂၉။ ယခုအချိန်၌ ထိုအကြောင်းမှာ တပါးအမျိုးသားခရစ်ယာန်များအတွက် ယုဒလူမျိုးများတို့၏ပွဲနေ့သဘင်ဓလေ့ထုံးထမ်းနှင့် ဆိုင်သောပညတ်တော်ကို စောင့်ထိန်းရန် မလိုအပ်တော့ပေ။

အချိန်အနည်းငယ်ကြာသော်၊ ပေတရုသည် အန္တိအုတ်မြို့သို့ အလည်အပတ်သွားသောအခါ၊ သူသည် တပါးအမျိုးသားများနှင့် အတူစားသောက်ခြင်းအမှုအားဖြင့် တပါးအမျိုးသားခရစ်ယာန်များအား သူ လက်ခံကြောင်းပြသခဲ့သည်။ သို့သော် အချို့သောလူများက ရောက်လာပြီး ခရစ်ယာန်များအားလုံးသည် ထိုပွဲနေ့သဘင် ထုံးတမ်းဓလေ့ကို စောင့်ထိန်းရမည်ဟု ထင်မြင်သေးသောအခါ၊ ပေတရုသည် တပါးအမျိုးသားများနှင့် အတူစားသောက်ခြင်းကို ငြင်းဆန်ခဲ့သည်၊ ဗာနဗ အပါအဝင် အခြားသောသူများသည်လည်း သူ၏နမူနာ သို့လိုက်ခဲ့ကြ၏။ (ဂလာတိဩဝါဒစာ ၂း၁၁-၁၃)

အဘယ်သို့သောအခြေအနေဖြစ်နေသည်ကို ပေါလုသည် မြင်သောအခါ၊ ပေတရုသည် ကြောက်မက်ဖွယ်ကောင်းသော အမှားတစ်ခု ပြုလုပ်နေသည်ဟု သူသိနားလည်ခဲ့သည်။ ထို့ကြောင့် ပေါလုသည် ပေတရုအား အများရှေ့တွင် ဆုံးမခဲ့သည်။ ပေတရုသည်လည်း သူ၏ အမှားကို နားလည်သဘောပေါက်ပြီး၊ အလျင်အမြန် နောင်တရခဲ့လေ၏။

**လက်တွေ့ကျင့်သုံးရန် -** အချို့သောသူများက ပေတရုသည် မကျရှုံးနိုင်သော (တစ်စုံတစ်ယောက်သည် အမှားတစ်ခုကို မကျူးလွန်နိုင်) အသင်းတော်ခေါင်းဆောင်များ အဆက်ဆက်ထဲ၌ ပထမဖြစ်သည်ဟု ဖော်ပြပြောဆိုခဲ့ကြသည်။ သို့သော် ထိုအရာသည် အမှန် မဟုတ်ပါ။ ပေတရုသည် အခြားသောတမန်တော်များကဲ့သို့သော်လည်းကောင်း၊ လူတိုင်းကျရှုံးနိုင်သကဲ့သို့သော်လည်းကောင်း ကျရှုံးနိုင်သောသူ ဖြစ်သည်။

## အင်္ဂါနေ့ ၊ တိမောသေ (တမန်တော်ဝတ္ထု ၁၅း၃၆-၁၆း၃) ၃

အန္တိအုတ်မြို့၌ အချိန်အနည်းငယ် လုပ်ဆောင်ပြီးနောက်၊ ပေါလုသည် သူ၏ဒုတိယအကြိမ်သာသနာခရီးစဉ်ကို အစပြုရရန် ဆုံးဖြတ်ခဲ့သည်။ သူတို့၏ကျန်ခဲ့သောခရီးစဉ်များ စတင်လုပ်ဆောင်ခဲ့သော အသင်းတော်များထံသို့ အလည်ပတ်ပြုရန်ဖြစ်သည်။ ဗာနဗသည်လည်း သွားဖို့ရန် ပေါလုနှင့် သဘောတူခဲ့၏။ သို့သော် သူသည် မာကုကို ခေါ်သွားချင်ခဲ့၏။ ပေါလုသည် မာကုအား သူတို့နှင့်အတူ ပြန်ခေါ်ရန် ငြင်းဆန်ခဲ့လေ၏။ မာကုသည် ယုံကြည်စိတ်ချရသောသူ မဟုတ်ကြောင်း သက်သေပြခဲ့ပြီးပြီဖြစ်သည်ဟု ပေါလု ထင်ခဲ့သည်။ ထို့နောက် အဘယ်အရာဖြစ်ခဲ့သနည်း။ တမန်တော်ဝတ္ထု ၁၅း၃၉၊ ၄၀။

ပေါလုနှင့် သိလတို့သည် မြောက်ဘက်သို့ ခရီးထွက်ခဲ့ကြပြီး၊ ထို့နောက် အနောက်သို့သွားပြီး၊ လမ်းခရီးတစ်လျှောက် အသင်းတော်များကို ခွန်အားပေးခြင်းနှင့် အလည်အပတ်ပြုခြင်းဖြင့် စတင်ခဲ့သည်။ နောက်ဆုံး၌၊ မိုင် ၂၀၀ အထက် လမ်းလျှောက်ခရီးထွက်ပြီးနောက်၊ သူတို့သည် ပထမခရီးစဉ်တုန်းက ပေါလုကို ကျောက်ခဲနှင့်ပေါက်ခဲ့သောနေရာဖြစ်သည့် လုတ္တရမြို့သို့ ရောက်လာခဲ့ကြ၏။

လုတ္တရမြို့၌၊ ပေါလုသည် တိမောသေအမည်ရှိသော လူငယ်တစ်ဦးကို တဖန်တွေ့ဆုံခဲ့၏။ သူသည် လုတ္တရမြို့သို့ ပေါလု၏ ပထမခရီးစဉ်အတောအတွင်း၌ ခရစ်ယာန်တစ်ယောက်ဖြစ်ခဲ့သည်။ ပေါလုသည် ခဲနှင့်ပေါက်ခံရ၍ မြို့ပြင်သို့ နှင်ထုတ်ခြင်းခံရသောအခါ၌လည်း သူသည် ပေါလုဘက်၌ ရပ်တည်ပေးသောသူဖြစ်ခဲ့၏။ ထိုအချိန်ကတည်းက သူ၏စိတ်နှလုံးထဲ၌ ဘုရားသခင်သည် သူ၏ ဧဝံဂေလိအမှုတော်ပြီးမြောက်ဖို့ရန်အတွက် သူ့အားလည်းပဲခေါ်နေသည်ဟု သူသိခဲ့ရ၏။ သူသည် ပေါလုကို အားကျနှစ်သက်သောသူ ဖြစ်သည်။ ပေါလုနှင့်အတူ အလွန်ပင် အလုပ်လုပ်ချင်ခဲ့သည်။

ပေါလုကလည်း တိမောသေမှာ အလွန်ပင်အရည်အချင်းမရှိပေမည့် အလားအလာအများကြီးရှိသောသူဖြစ်ကြောင်းကို မြင်တွေ့ခဲ့သည်။ တိမောသေသည် အလွန်အလေးအနက်ထားတတ်သောသူဖြစ်ပြီး၊ သင်ယူချင်သောစိတ်ဆန္ဒနှင့် ညဉ်းဆဲနှိပ်စက်ခြင်းကို မကြောက်ရွံ့သောသူဖြစ်၏။

တိမောသေ၏မိခင်နှင့် အဘွားတို့သည် သူ့အား ကောင်းကောင်း သွန်သင်လေ့ကျင့်ပေးခဲ့၏။ တိမောသေဩဝါဒစာ ဒုတိယစောင် ၁း၅။ သူတို့သည် တိမောသေ ငယ်ရွယ်သောအရွယ်မှစ၍ ကျမ်းစာကို သူ့အား သင်ကြားပေးခဲ့သည်။ သူတို့နေထိုင်သောနေရာသည် အလွန်ခေါင်းမာသောမြို့ဖြစ်နေသော်လည်း၊ သူ၏အကျင့်စာရိတ္တ သန့်ရှင်းသောသူ၊ ဖြောင့်မတ်သောသူအဖြစ် အသက်ရှင်သွားရန် သွန်သင်ပေးခဲ့လေ၏။ တိမောသေဩဝါဒစာ ဒုတိယစောင် ၃း၁၄-၁၇။

တိမောသေသည် လူငယ်ဖြစ်နေသော်ငြားလည်း ဧဝံဂေလိသာသနာပြုတစ်ယောက်ဖြစ်ရန် သင်ကြားလေ့လာဖို့အတွက် အသင့်ဖြစ်နေပြီးဖြစ်သောကြောင့် ပေါလုသည် စိတ်ကျေနပ်ခဲ့၏။ ထို့ကြောင့် လုတ္တရမြို့မှ ထွက်ခွာသောအခါ၊ တိမောသေနှင့် သိလတို့သည် ပေါလုနှင့်ပူးပေါင်းခဲ့ပြီး၊ ပေါလု၏ဒုတိယသာသနာခရီးစဉ်ကို ဆက်လက်လုပ်ဆောင်ခဲ့ကြလေ၏။ တိမောသေနှင့်ပတ်သတ်၍ ပေါလုသည် အဘယ်သို့ စိတ်ခံစားခဲ့သနည်း။ တိမောသေဩဝါဒစာ ပထမစောင် ၁း၂။

**လက်တွေ့ကျင့်သုံးရန် -** သင်၌ သင်ကြားလေ့လာချင်သော စိတ်ဆန္ဒရှိနေပါသလား။ ညှဉ်းပမ်းနှိပ်စက်ခြင်းကို ရင်ဆိုင်ဖို့ သင်ဆန္ဒရှိနေပါသလား။ သင်သည် နေ့စဉ်နေ့တိုင်း သမ္မာကျမ်းစာကို လေ့လာနေပါသလား။ သမ္မာကျမ်းစာပြောသည့်အတိုင်း သင်လုပ်ဆောင်နေပါသလား။ ထိုအရာများက တိမောသေအား သူ၏ဘဝအသက်တာအတွက် အတွက် အဆင်သင့် ဖြစ်စေခဲ့သည်။ ဘုရားသခင်ခေါ်တော်မူသမျှကို သင်အဆင်သင့်ဖြစ်လိုပါသလား။

## ဗုဒ္ဓဟူးနေ့ ၊ အကျဉ်းထောင်၌ သီချင်းဆိုခြင်း (တမန်တော်ဝတ္ထု ၁၆း၄-၂၅) ၄

တိမောသေသည် ပေါလု၊ သိလတို့နှင့် ပူးပေါင်းခဲ့ပြီး၊ သူတို့သည် လမ်းခရီးတလျှောက်လုံး၌ အသင်းတော်များကို အလည်အပတ်ပြုခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်၏ အကူအညီအားဖြင့် အသစ်သောပြောင်းလဲခြင်းများကို ပြုလုပ်ခြင်းစသည့် အရာများနှင့်အတူ မိုင်ပေါင်းများစွာအတူတကွခရီးသွားခဲ့ကြသည်နှင့်အမျှ၊ သူသည် နေ့တိုင်း ပို၍ပို၍ သင်ယူလေ့လာခဲ့လေ၏။ အနောက်တောင်ဘက်သို့ မိုင်ပေါင်း ၄၀၀ ထက်မက ခရီးသွားခဲ့ပြီးသောနောက်၊ သူတို့သည် အာရှမိုင်းနာ (ယခင်နာမည် အာရှ) ၏အနောက်ဘက်ကမ်းလွန်ဒေသတွင်ရှိသော တရောမြို့သို့ ရောက်ရှိခဲ့ကြ၏။



တစ်ညနေတွင် ပေါလုသည် တရောမြို့၌ရှိနေစဉ် အိမ်မက်ရူပါရုံတစ်ခုမြင်ခဲ့သည်။ သူဘာကို မြင်တွေ့ခဲ့သနည်း။ တမန်တော်ဝတ္ထု ၁၆း၉။ ထိုဗျာဒိတ်ရူပါရုံ အိမ်မက်ကြောင့် ပေါလုသည် မာကေဒေါနိပြည်၌ ဧဝံဂေလိတရားကို ဟောခြင်းငှါ ဘုရားသခင်သည် သူ့အား ခေါ်တော်မူသောကြောင့် သူသည် အေသင်ပင်လယ်မြောက်ဘက်ကို ဖြတ်၍ မိုင် ၁၄၀ ခန့်တွင်ရှိသော မာကေဒေါနိဒေသ၌ရှိသော နာပေါလိမြို့သို့ ရွက်လွှင့်ရန် ချက်ချင်း စီစဉ်လေ၏။ ထိုနေရာမှ မိုင် ၁၀ ခန့်လောက်ဝေးသော အနောက်ဘက် မင်းမှုလွတ်သောမြို့တည်းဟူသော မာကေဒေါနိပြည်တပိုင်းကို အစိုးရသော ဖိလိပ္ပိမြို့သို့ သွားခဲ့ကြ၏။



လုကာသည် တမန်တော်ဝတ္ထုကျမ်းကို ရေးသားသောသူဖြစ်သည်။ သူသည် အပိုဒ်ငယ် ၁၀တွင် သူတို့ခရီးသွားခြင်းကို ဖော်ပြရာ၌ “ကျွန်ုပ်တို့” ဟူ၍ စကားအသုံးအနှုန်းကို စတင်သုံးခြင်းအားဖြင့် လုကာသည် တရောမြို့၌ ပေါလုနှင့်အတူ ပူးပေါင်းခဲ့ဟန်ရှိသည်။

ဖိလိပ္ပိမြို့ထဲ၌ တရားဇရပ်မရှိသောကြောင့် ဥပုသ်နေ့၌ ပေါလုနှင့် သူ၏အပေါင်းအဖော်များသည် မြို့ပြင်သို့သွားပြီး၊ ဆုတောင်းရာနေရာရှိတတ်သော မြစ်နားသို့သွား၍ ထိုအရပ်၌ ဆုတောင်းဖို့ရန် အတူတကွ တွေ့ဆုံခဲ့ကြသော မိန်းမများနှင့် ပူးပေါင်းခဲ့၏။ ထိုမိန်းမများမှ တစ်ယောက်သောသူမှာ လုဒိဖြစ်၏။ သူမသည် ဘာလုပ်ခဲ့သနည်း။ အငယ် ၁၄၊ ၁၅။

ထို့နောက်၊ ဖိလိပ္ပိမြို့၌ နတ်ဝင်သော မိန်းမတယောက်သည် ပေါလုနောက်လိုက်ဖို့ရန် စတင်ခဲ့၏။ သူမသည် မည်သည့်အရာများ ပြောခဲ့သနည်း။ အငယ် ၁၆၊ ၁၇။ ဤအရာသည် ပေါလု၏သာသနာလုပ်ငန်းအား အကူအညီဖြစ်စေသောအရာ မဟုတ်ခဲ့ချေ။ အဘယ်ကြောင့်ဆိုသော် သူမပြောသောအရာမှာ ဤအမျိုးသမီးကို ထိန်းချုပ်သော တန်ခိုးအားဖြင့် ပေါလုအားညွှန်ပြဦးဆောင်နေသည်ဟု လူများတို့အား ထင်ရောင်ထင်မှားဖြစ်စေခဲ့သောကြောင့်ဖြစ်သည်။ ထိုအရာနှင့်ပတ်သတ်၍ ပေါလု ဘာလုပ်ဆောင်ခဲ့သနည်း။ အငယ် ၁၈။

ထိုမိန်းမကို အုပ်စိုးသောသခင်သည် အလွန်ပင် စိတ်ဆိုးခဲ့၏။ အဘယ်ကြောင့်ဆိုသော် ငွေများများရဖို့ရန် သူတို့သည် ထိုမိန်းမကို အသုံးပြု၍ မရနိုင်တော့ကြောင်း သူတို့ မြင်တွေ့ခဲ့ကြ၏။ သူတို့သည် ပေါလုနှင့် သိလကို ပထုတ်ချင်ခဲ့၏။ ထို့ကြောင့် သူတို့သည် ပေါလုတို့အကြောင်းနှင့်ပတ်သက်၍ မုသာစကားကို ကြွေးကြော်ပြီး၊ အဓိကရုဏ်းကို ဖန်တီးခဲ့ကြ၏။ ပေါလုနှင့် သိလတို့သည် ရိုက်နှက်ခြင်းခံရပြီး၊ ထောင်ထဲ၌ ပစ်ထားခြင်းခံခဲ့ရ၏။ သူတို့၏ခြေများကို ထိပ်ခတ်ထားလိုက်ပြီး ၎င်းသည် သူတို့အား အလွန်နာကျင်စေခဲ့၏။ ပေါလုနှင့် သိလတို့သည် အဘယ်သို့ တုန့်ပြန်ခဲ့ကြသနည်း။ အငယ် ၂၅။

**လက်တွေ့ကျင့်သုံးရန် -** ပေါလုနှင့် သိလတို့သည် ချီးမွမ်းသီချင်းသီဆိုသကဲ့သို့ ဆုတောင်းပဌာနာပြုသကဲ့သို့ အသေအချာ မခံစားခဲ့ပေ။ သို့သော် သူတို့နှစ်ဦးသည် ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် တစ်ယောက်ကိုတစ်ယောက် အားပေးနှစ်သိမ့်ခဲ့ကြ၏။ သင်လည်းပဲ သူတို့ပြုလုပ်ခဲ့သည်နည်းတူ လုပ်ဆောင်ခြင်းအားဖြင့် စိတ်ဓာတ်ကျမှုများကို ရှောင်ရှားရန်၊ ဖယ်ရှားရန် ရွေးချယ်နိုင်မည်လား။

## ကြာသပတေးနေ့ ၊ ကျမ်းစာကို နေ့စဉ်ရှာဖွေခြင်း (တမန်တော်ဝတ္ထု ၁၆း၂၆-၁၇း၁၄) ၅

ပေါလုနှင့် သိလတို့သည် အကျဉ်းထောင်၌ ချထားခြင်းခံရခဲ့ ၏။ သူတို့၏ဘဝအခြေအနေအရ စိတ်ဓာတ်ကျမည့်အစား သူတို့သည် ဘုရားသခင်ကို ဆုတောင်းပဌနာပြုနေခြင်းနှင့် ချီးမွမ်းသီချင်းသီဆိုနေခဲ့ကြ၏။ ထို့နောက် ဘာဖြစ်ပျက်ခဲ့သနည်း။ တမန်တော်ဝတ္ထု ၁၆း၂၆။



ထောင်မှူးသည် ကြောက်ရွံ့ တုန်လှုပ်ခဲ့၏။ အကယ်၍ ပေါလုနှင့် သိလသည် လွတ်မြောက်သွားပါက၊ သူသည် အသေသတ်ခြင်းခံရမည်ဖြစ်သည်။ သူသည် မိမိကိုယ်ကို အဆုံးစီရင်ခါနီး၌ ပေါလုသည် သူ့အားခေါ်ပြီး၊ စိတ်မပူဖို့ရန်နှင့် အဘယ်သူမျှ မလွတ်မြောက်ကြောင်းကို သူ့အားပြောပြခဲ့၏။ ထို့နောက် ထောင်မှူးသည် ဘာ လုပ်ဆောင်ခဲ့သနည်း။ အငယ် ၂၉၊ ၃၀။ ချက်ချင်း ပေါလုနှင့် သိလတို့သည် သခင်ယေရှုခရစ်တော်၏ ဧဝံဂေလိ သတင်းကောင်းကို သူနှင့်သူ၏မိသားစုအား စတင်ပြောပြခဲ့လေ၏။ ထိုအချိန်သည် မိုးမလင်းသေးသောအချိန်ဖြစ်၏၊ သို့သော် သိပ်မကြာခင်မှာပင် သူတို့အားလုံးသည် ဗတ္တိဇံခံချင်ခဲ့ကြ၏။ ထို့ကြောင့် ပေါလုနှင့် သိလတို့သည် ထိုအချိန်၌ပင် သူတို့အား ဗတ္တိဇံပေးခဲ့လေ၏။ မနက်မိုးလင်းသောအခါ မည်သို့ဖြစ်ပျက်ခဲ့သနည်း။ အငယ် ၃၅-၄၀။

ဖိလိပ္ပိမြို့မှ ထွက်သွားသောနောက်၊ ပေါလုနှင့် သိလတို့သည် မိုင် ၉၀ ခန့်ဝေးသော အနောက်တောင်ဘက်၌ရှိသော သက်သာလောနိတ်မြို့သို့ ခရီးထွက်ခဲ့ကြ၏။ ပေါလုသည် ဥပုသ်နေ့ သုံးရက်တိုင်တိုင် တရားဇရပ်၌ သခင်ယေရှုသည် မေရှိယသခင်ဖြစ်ကြောင်း ဓမ္မဟောင်းကျမ်း၌ရှိသော ပရောဖက်ပြုချက်များကို သက်သေပြရန် အသုံးပြုပြီး တရားဟောခဲ့လေ၏။ သူသည် တဲတော်တစ်ခုလုံးအစီအစဉ်သည် ယေရှုခရစ်တော်ကို အဘယ်သို့ ညွှန်ပြနေကြောင်းကို ပြသခဲ့၏။ ယေရှုခရစ်တော်၏ ဒုတိယအကြိမ်ကြွလာခြင်းအကြောင်းနှင့်အတူ ကောင်းကင်တဲတော်၌ ယေရှုခရစ်တော်၏လုပ်ငန်းအကြောင်းကိုလည်း သူသည် တန်ခိုးပါပါ ဟောပြောခဲ့လေ၏။